# ဒီမိုကရေစီလမ်းကြောင်းပေါ်မှ လမ်းချော်ခဲ့သော မြန်မာ

## ၂၀၂၁

အာဏာသိမ်းစစ်အုပ်စုက မြန်မာ့ဒီမိုကရေစီ
အကူးအပြောင်းအား ဟန့်တားနှောင့်ယှက်မှုများ



ဓါတ်ပုံ- CHRO

# နိဒါန်း

မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ ပြည်တွင်းစစ်နှင့် ငြိတွယ်ခဲ့ရသည်။ နှစ်ပေါင်း ၇၀ ကျော်ပြည်တွင်းစစ်တလျှောက် စစ်အာဏာရှင်များသည် အရပ်သားပြည်သူများအပေါ် ထိန်းချုပ်သည့် ဗျူဟာများချမှတ်ကျင့်သုံးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်မှ ပထမဆုံးအကြိမ် အာဏာ သိမ်းခဲ့ပြီးနောက် တပါတီ အာဏာရှင်စနစ်ကို ဖန်တီး၍တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ၁၉၈၈ခုနှစ် အထွေထွေအရေးတော်ပုံကြီးကြောင့် ၂၆ နှစ်ကျော် စစ်ဗိုလ်ချုပ်များအုပ်ချုပ်ခဲ့သည့် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စနစ်ကြီး နိဂုံးချုပ်သွားခဲ့သည်။ တဖန် ၁၉၈၈ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းပြီး ၂၀၁၁ ခုနှစ်အထိ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သည်။ ထို့နောက် ၂၀၁၀ ရွေးကောက်အပြီး သမ္မတ ဦးသိန်းစိန် အာဏာရလာခဲ့သည်။ မြန်မာစစ်ဗိုလ်ချုပ်များသည် ၎င်းတို့ အားဆန့် ကျင်တွန်းလှန်သည့် ပြည်သူများအပေါ်အကြမ်းဖက် ဖြိုခွင်းပြီး တိုင်းရင်းသားများအပေါ်လည်း ဩဇာလွှမ်းမိုးနိုင်ရန် အခိုင်အမာ လုပ်ဆောင်ဆောင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် အပြတ်အသတ် အောင်မြင်ခဲ့သော်လည်း စစ်တပ်မှာ အရပ်သားအစိုးရနှင့် အာဏာခွဲဝေယူရန် အပြင်းအထန် ကြိုးပမ်းခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ပုံမှန်ချိုးဖောက် လျှက်ရှိသည်။ နိုင်ငံတကာမှ ရှုံ့ချပြော ဆိုနေသော်လည်း မြန်မာစစ်အာဏာရှင်တို့သည်၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှုမရှိပေ။ စစ်တပ်မှ မူကြမ်းရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စစ်တပ်အတွက် ရက်ရက်စက်စက် အကြမ်းဖက်ခွင့်နှင့် အရပ်သား ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည့် စစ်သားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည်။ ၂၀၂၁ ခု နှစ်တွင် မတရား အာဏာရယူထားသူ အများစုမှာ မြန်မာစစ်တပ်မှ တပ်မှူးများဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း တပ်မတော်မှ တိုင်းပြည် အာဏာကိုထိန်းချုပ်ရန် ကြိုးပမ်းရာတွင် ထောင်နှင့် ချီအသတ်ခံရသည့် ပြည်သူများအတွက် အဓိပ္ပါယ်ရှိသော အသွင်ကူးပြောင်းရေးကာလဆိုင်ရာ တရားမျှတမှု ရှာဖွေနိုင်မည့်နည်းလမ်းများကို ဟန့်တား ပိတ်ပင်ထား သည်။

မြန်မာစစ်အာဏာရှင်တို့၏ အာဏာရှင်အုပ်ချုပ်ရေးစနစ် နောက်ပိုင်း ၂၀၁၅ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က စစ်တပ် ကျောထောက်နောက်ခံပြုထားသည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (USDP) အား မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်ပြီး နေအိမ်အကျယ်ချုပ်ဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသူ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြင်းအထန်ဖိနှိပ်ခံခဲ့ရသည့် NLD ပါတီဝင်များအတွက်အောင်ပွဲဖြစ်သည်။ အရပ်သားတစိတ်တပိုင်း အစိုးရလက်ထက်တွင် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမှာ နှေးကွေးသော်လည်းတည်ငြိမ်မှုရှိသည်။ ရွေးကောက်တင်မြှောက်ခြင်းခံရသူ မဟုတ်သည့် စစ်တပ်မှ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်

လွှတ်တော်တွင် တက်ရောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ဗီတိုအာဏာရထားသည့် စစ်တပ်ရှိနေသည့်အတွက် ဥပဒေပြုရေး အထူးသဖြင့် စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် အခက်အခဲ စိန်ခေါ်မှုများဖြင့် ကြုံတွေ့ရသည်။

NLD ၏ ပထမသက်တမ်းတွင် ပြည်သူအများစု မျှော်လင့်ချက်နှင့် ပြည့်မီ ကိုက်ညီမှုမရှိသည်မှာ ငြင်းဆို၍မရပေ။ ယခင်က ဗမာ အုပ်စိုးသူများ၏ ဖိနှိပ်ချုပ်ခြယ်မှုများနောက် တိုင်းရင်းသားများက ၎င်းတို့၏ ရှန်းကန်လှုပ်ရှားခဲ့ရမှုများကို NLD အစိုးရထံမှ အသိအမှတ်ပြုမှု ရရှိမည်ဟု မျှော်လင့်ခဲ့ သော်လည်း ပါတီအနေဖြင့် ကတိပြုထားသည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။

NLD အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ လူမှုရေး စီးပွားရေးနှင့် နိုင်ငံရေးကိစ္စများကို ထိန်းကျောင်းလမ်းညွှန်ရန် ကြိုးပမ်းရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ပိုင်ခွင့်နှင့် ပါတီ၏ ဆုံးဖြတ်ချက်များ လျော့ပါး ထိခိုက်စေရန် စစ်တပ်အနေဖြင့် အခွင့်သင့်တိုင်း ဆောင်ရွက်ခဲ့သည်။ NLD ၏ ရွေးကောက်ပွဲ အောင်နိုင်ရေး စည်းရုံးလှုပ်ရှားမှုများအပြီး ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲကို အကြီးအကျယ်အောင်မြင်ခဲ့သည်။ မြန်မာစစ်တပ်အတွက်မူ NLD ပါတီ ထိုသို့ အောင်မြင်မှုအပေါ် ဉာဏ်မမီပဲ လက်ခံ၍မရဖြစ်ကာ တစုံတခု လုပ်ဆောင်ရန် ပြင်ဆင်ခဲ့သည်။

ပါတီမန်အသစ်ခေါ်ယူရန် စိုင်းပြင်းနေစဥ်မှာပင် ရွေးကောက်ပွဲ မသမာမှုများရှိသည်ဟု အကြောင်းပြကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်စောစောတွင် စစ်တပ်မှ အာဏာသိမ်းခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ NLD ကိုဖြုတ်ချပြီးအဆင့်မြင့် ပါတီဝင်များကိုဖမ်းဆီးခဲ့ကာ စစ်တပ်အကျဉ်းစခန်းများတွင် ထိန်းသိမ်းထားသည်။ နောက်တရက်တွင်NLD မှ ခန့်အပ်ထားသည့် ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ၂၄ ဦးအား ဖယ်ရှားခဲ့ပြီး ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပြည်ထဲရေးနှင့် နိုင်ငံခြားရေးအပါအဝင်နေရာ ၁၁ နေရာအား အစားထိုးခန့်အပ်ကြောင်း အာဏာသိမ်း စစ်တပ်မှကြေငြာခဲ့သည်[၁]။ ဒီမိုကရေစီနည်း ကျ ရွေးကောက်ခံရသည့် လွှတ်တော်အမတ်များမှာ ၎င်းတို့၏ လုံခြုံရေးအတွက် စစ်အာဏာရှင် တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်း မခံရစေရန် ရှောင်တိမ်း ပုန်းအောင်းကြရသည်။ လ အနည်းငယ်အကြာတွင် NLD ၏ ရွေးကောက်ပွဲ အောင်မြင်မှုကိုဖျက်သိမ်းကြောင်း စစ်အာဏာရှင်များက ထုတ်ပြန်ခဲ့သည်[၂]။

စစ်အာဏာရှင်တို့၏ ကြောက်မက်ဖွယ် အကြမ်းဖက်ဖြိုခွင်းမှုများ ကြားမှပင် ပြည်သူလူထုမှာ အပြောင်းအလဲအတွက် စံပြုရလောက်အောင် ညီညွတ်စွာဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ခဲ့ကြသည်။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) မှ ဦးဆောင်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ၂၀၂၁ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့သည်။ NUG တွင် ၂၀၂၀နိုဝင်ဘာ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော် ကိုယ်စားလှယ်များနှင့် နှစ်ပေါင်းများစွာ လူ့အခွင့်အရေးကို စည်းရုံး တိုက်တွန်းလှုံ့ဆော်သူများဖြင့် ပေါင်းစပ်ဖွဲ့ စည်းထားသည်။ NUG ဖွဲ့စည်းပြီးသည့်နောက် NLD အစိုးရလက်ထက် ရွေးကောက်ခံ လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့်

---

၁။ “Myanmar coup: Aung San Suu Kyi detained as military seizes control,” BBC, 1 February 2021,
၂။ “Myanmar Junta Officially Annuls NLD’s 2020 Election Win,” The Irrawaddy, 27 July 2021

အတိတ်တွင် မဆောင်ရွက်နိုင်မှုများ အထူးသဖြင့်ရိုဟင်ဂျာအရေးနှင့် ပတ်သက်ပြီး တုန့်ပြန်မှုနည်းပါးသည့်အပေါ် ဝန်ခံထွက်ဆိုကြသည်[၃]။ ထို့အပြင် NUG သည်တိုင်းပြည်တွင်း ကြီးထွားလာသည့်ခုခံရေးလှုပ်ရှာမှုများကို အားပေးကူညီပြီး နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်အရှေ့ တောင်အာရှ နိုင်ငံများအဖွဲ့ (ASEAN) ကဲ့သို့ အဖွဲ့အစည်းများထံမှ တရားဝင် အသိ အမှတ်ပြုမှုကို ရှာဖွေနေသည်။ စစ်အာဏာရှင်တို့အား ဆန့်ကျင်သည့် အဖွဲ့အစည်းများ များပြားလာသည့်အတွက် တုန့်ပြန်သည့်အ နေဖြင့် NUG, CRHP နှင့် ခုခံရင် ဆိုင် တိုက်ပွဲဝင်နေသည့် အဖွဲ့များအား "အကြမ်းဖက် အဖွဲ့ အစည်းများ" [၄] ဖြစ် သည်ဟု စစ်တပ်မှ သတ်မှတ်ခဲ့သည်။

အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ မည်သူမဆို အဆိုပါအဖွဲ့များနှင့် ဆက်စပ်မှုရှိသည်ဟု သံသ ယရှိပြီး ပြစ်ဒဏ်စီရင်ခံရပါက ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရမည်ဖြစ်သည်[၅]။ စစ်တပ်အနေဖြင့် ၎င်းတို့ အာဏာသိမ်းမှုအပေါ် ဆန့်ကျင်စိန်ခေါ်လိမ့်မည်မဟုတ်ဟု ယူဆခဲ့သော်လည်း ဒီမိုကရေစီ လိုလားပြီး စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် အဖွဲ့အစည်းများ ဆက်လက်ပေါ်ပေါက်လျှက်ရှိပြီး ၎င်းတို့အား ဆန့်ကျင်ကြောင်း အတိအလင်း သက်သေပြနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝ သယံဇာတမျိုးစုံပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း အာဏာနှင့်အကျိုးအမြတ်ရလိုမှုတို့ကြောင့် နိုင်ငံရေးအရ သဘောထားကွဲသူများအား အချိန်ကုန် အချည်းနှီး ဖြစ်စေသောအာဏာရှင်တို့မှ ဖိနှိပ်အုပ်ချုပ်ခဲ့သည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ယခုထုတ်ပြန်သည့်ယခု အစီရင်ခံစာငယ်တွင် မြန်မာ စစ်ဗိုလ်ချုပ်များကတိုင်းပြည်ကို စစ်အင်အားတိုးချဲ့၍ မည်သို့ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကို ကြိုးကိုင်ချယ်လှယ်ပြီးအဓိပ္ပါယ်ရှိသည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို လမ်းချော်စေခဲ့သည်ကို လေ့လာဖော်ထုတ် တင်ပြထားပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းချိန်မှစပြီး ဖြစ်ပွားခဲ့သည့်အဖြစ်အပျက်များကို သုံးသပ်ရာတွင် စစ်အာဏာရှင်တို့မှအာဏာသိမ်းရခြင်းကို မည်သို့ပင် ကာကွယ်ပြောဆိုနေသော်လည်း ၎င်းတို့သည် မည်သည့် ဒီမိုကရေစီပုံစံကိုမှ စိတ်မဝင်စားဘဲ၊ အပြစ်မဲ့ ပြည်သူ များအား ထိခိုက်နစ်နာစေလျှက် တိုင်းပြည်၏ အကျိုးစီးပွားများကို ၎င်းတို့ ကြွယ်ဝချမ်း သာမှုအ တွက်သာ ကာကွယ် ထိန်းသိမ်းရန် ပို၍ဆန္ဒရှိသည်ကို သက်သေပြနေသည်။

---

၃။ "Junta Brutality Gives Myanmar's Majority a Taste of Ethnic Minorities' Plight," Radio Free Asia, 23 April 2021 and "Myanmar National Unity Government Minister Acknowledges Rohingya Persecution and Offers Apology," Fortify Rights, 22 April 2021

၄။ "Myanmar Junta Declares National Unity Government, CRPH, Defense Forces as 'Terrorist' Groups," The Irrawaddy, 10 May 2021

၅။ Ibid

# အခန်း (၁) စစ်အင်အားတိုးချဲ့လွှမ်းမိုးပြီး မြို့ပေါ်နှင့် ကျေးလက် ဒေသရှိ သဘောထားကွဲသူများ၏ လှုပ်ရှားမှုကို အကျိုးမဲ့ အချည်းအနှီးဖြစ်စေရန် ဖိနှိပ်ဖြိုခွဲခြင်း

နှစ်ပေါင်း ၇၀ ကျော် အရပ်သားပြည်သူများနှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (EAOs)အပေါ် အကြိမ်ကြိမ် ထိုးစစ်ဆင်တိုက်ခိုက်သည့် သမိုင်းကြောင်းအရ မြန်မာ စစ်အာဏာရှင်များသည် ပြည်တွင်းစစ်နှင့် ကျွမ်းဝင်သူများ ဖြစ်သည်။ စစ်ဗိုလ်ချုပ်များနှင့် ၎င်းတို့၏နောက်လိုက် စစ်သားများသည် စစ်တပ်၏ အာဏာနှင့် လုပ်ပိုင်ခွင့်ကို ထိပါးခြိမ်းခြောက် စိန်ခေါ်သူ ပြည်သူများအား အရှက်မဲ့စွာ ဂရုမစိုက်အလေးမထားပဲ လက်နက်ဖြင့် မဆိုင်းမတွဖြေရှင်း၍တပ်မတော်ဆိုသည့် အဖွဲ့အစည်းကို ကာကွယ်ကြသည်။ သဘောထားကွဲသူ ပြည်သူများမှာ ခုခံတော်လှန်သူများ သို့ မဟုတ် စစ်တပ်၏ ပြိုင်ဘက် နိုင်ငံရေးပါတီများနှင့် ဆက်စပ်မှုမရှိလျှင်သော်မှ သက်သေမပြနိုင်သည့် သံသယနှင့် လူမျိုးရေးအမြင် သက်သက်ဖြင့် စစ်အာဏာ ရှင်တပ်ဖွဲ့မှ စစ်သားများ၏ အညှာအတာကင်းမဲ့စွာ လက်နက်ဖြင့် ဖြိုခွင်းခြင်းခံရသည်။

စစ်အာဏာသိမ်းခြင်းသည် အောင်မြင်ခြင်းမရှိပေ။ နေရာအတော်များများတွင် ပြည်သူများကတော်လှန်သည့် စိတ်ဓာတ်ဖြင့် စစ်အာဏာရှင်တို့၏ အာဏာအဓမ္မရယူခြင်းကို ဆန့်ကျင်ပယ်ချခဲ့ကြသည်။ တိုင်းပြည်နှင့်အဝှန်း သိန်းနှင့် သန်းနှင့်ချီသည့် လူထုကစ တင်ခဲ့သည့် နွေဦးတော်လှန်ရေးသည် စစ်တပ်တွင်း မှ စစ်သားများမကြုံဖူးလောက်သည့် အရေအတွက်ဖြင့် ဘက်ပြောင်းခိုလှုံလာစေရန် စေ့ဆော်နိုင်ခဲ့သည်[၆]။ ဇွန်လ ကုန်တွင် ခန့်မှန်းခြေ စစ်သား ၈၀၀ သည် ၎င်းတို့တပ်စခန်းများကို စွန့်ခွာခဲ့ကြပြီး ဩဂုတ်လ ကုန်တွင်အရေအတွက်မှာ နှစ်ဆခန့်မြင့်တက်ခဲ့ပြီး ၁၅၀၀ ခန့်ရှိလာသည်[၇]။ စက်တင်ဘာလတွင် စစ်အာဏာရှင်တို့ဘက်မှ ဘက်ပြောင်းခိုလှုံလာသူ နေ့စဉ် ၂၃ ဦးမှ ၃၇ ဦး သို့ တိုးလာသည်[၈]။ အများစုမှာ လက်နက်မဲ့အပြစ်မဲ့ အရပ်သားပြည်သူများအား အပြင်းအထန် အကြမ်း ဖက်ဖြိုခွင်းခိုင်းသဖြင့် တပ်ကို စွန့်ခွာလာကြသူများဖြစ်သည်။

ဆန္ဒပြပွဲများ ကြီးမား များပြားလာသည့် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် အခြေအနေကို စောင့်စား နေခဲ့ပြီးနောက် အလျင်အမြန်ဖြင့် အင်အားအလုံးအရင်းသုံးဖြိုခွင်းခဲ့သည်။ ဖေဖော်ဝါရီလ ၉ ရက်

၆။ “Atrocious Myanmar Army at Risk of Splitting: Army Defectors,” The Irrawaddy, 28 August 2021
၇။ “Around 1500 soldiers have defected and joined the Civil Disobedience Movement since the coup,” Myanmar Now, 17 August 2021
၈။ “Number of Police Joining CDM,” ညီသူ့ရင်ခွင် – People's Embrace, 15 September 2021

နေ့တွင်နေပြည်တော်၌ ဦးခေါင်းကို သေနတ်ဖြင့်ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည့် အသက် ၁၉ နှစ်အရွယ် မသွဲ့သွဲ့ခိုင်မှာ အာဏာသိမ်းပြီးနောက် ပထမဆုံး သေဆုံးခဲ့ရသည့် အရပ်သားဖြစ်သည်[၉]။ သူမ သေဆုံးခဲ့ရပြီးနောက် အနည်းဆုံး ကလေး ၇၅ ဦး အပါအဝင် လူ ၁၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး အချို့မှာ ၎င်းတို့၏ နေအိမ်တွင်ပင် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်[၁၀]။

ဆန္ဒပြပွဲများ အင်အား ကြီးထွားများပြားခဲ့သည့် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် စစ်သားများက ကျည်အစစ်၊ ရာဘာကျည်ဆံ၊ မျက်ရည်ယိုဗုံးတို့ အသုံးပြု၍ အကြမ်းဖက်ဖြိုခွင်းခဲ့ပြီး ဆန္ဒပြသူများ နှင့် ရှေးဦးသူနာပြုသူများအား ရိုက်နှက်ခဲ့သည်။ မြို့ကြီးပြကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး (ရှမ်းပြည်)၊ မြစ်ကြီးနား (ကချင်)၊ ဟားခါး (ချင်းပြည်) နှင့် တခြားဒေသများရှိ လမ်းများပေါ်တွင် စစ်သားအင်အား အများအပြားဖြင့် ဆန္ဒပြသူများအား အကြဖမ်းဖက်ဖြိုခွင်းခဲ့သည်။ သတင်းသမားများမှာလည်း ဖမ်းဆီးခံရပြီး ရဲကားများပေါ်သို့ ပစ်မတင်မီ ၎င်းတို့အား ကိုယ်ထိလက်ရောက် ရိုက်နှက် ထိုးကြိတ်ကြသည်။

အပြင်းအထန် နှိပ်ကွပ်နေသည့် ကာလများတွင် နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များသည် မတရား မှုကို ရင်ဆိုင်တုန့်ပြန်ကြသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမှ ကက်သိုလစ် သီလရှင်တပါးသည် တဦးအပါအဝင်ဖြစ်ပြီး စစ်သားနှင့် ရဲများကို ဆန္ဒပြသူများအား ပစ်ခတ်ခြင်းမပြုရန် မတွောရပ်ခံခဲ့သည်[၁၁]။ သို့သော်လည်းစစ်အာဏာရှင်တို့မှာ ၎င်းတို့၏ အကြမ်းဖက်မှုကို မရပ်တန့်ခဲ့ပေ။ မတ်လ ၁၄ ရက်နေ့က ရန်ကုန်တွင် လူ ၁၃ဦး သေဆုံးခဲ့သည့် ဖြိုခွင်းမှုက အာဏာသိမ်းချိန်မှစပြီး သွေး ထွက်သံယို အများဆုံးနေ့ထဲမှ တနေ့ဖြစ်သည်[၁၂]။ အကျဉ်းကျနေသည့် နိုင်ငံရေး အကျဉ်းသားများကလည်း စစ်အာဏာရှင်တို့၏ မတရားမှုကို ရပ်တန့်ရန် တောင်းဆိုကြသည်[၁၃]။ အကြမ်းဖက်ဖြိုခွင်းမှုများ ရှိနေသော်လည်း ဆန္ဒပြသူများအား မဟာန့်တားနိုင်ဘဲ ပိုစတာများ၊ ကြွေးကြော်သံများဖြင့် ရဲဝံ့စွာ လမ်းမများပေါ်



A memorial was erected in the capital on Friday. 22 February, 2021 (Photo : Reuters)

၉။ "Myanmar coup: Woman shot during anti-coup protests dies," BBC, 19 February 2021
၁၀။ "75 children killed, 1,000 detained since Myanmar coup: UN experts," Al Jazeera, 17 July 2021
၁၁။ "Nun begs Myanmar military police not to shoot protesters, video from northern state shows," South China Morning Post, 28 February 2021
၁၂။ "Myanmar protests: Demonstrators killed in bloody Yangon crackdown," BBC, 14 March 2021
၁၃။ "Protest breaks out at prison in Myanmar's biggest city," Bangkok Post, 23 July 2021

ထွက်လာကြပြီး ဒီမိုကရေစီရရှိရေးနှင့် NLD ပါတီမှ ဒီမိုကရေစီနည်းကျ ရွေးကောက် ခံရသူများအား အာဏာလွှဲပေးရန် တောင်းဆိုကြသည်။ နေ့စဉ် ရက်ဆက်ပင် ဆန္ဒပြသူ ဒါဇင်နှင့်ချီ၍ မတရားဖမ်းဆီး ထိန်းသိမ်းခံရသည်။ ညနေပိုင်းများတွင် ဖမ်းဝရမ်းမပါသည့် ဖမ်းဆီးမှုများကြောင့် နိုင်ငံရေးအကျဉ်းသားဦးရေကို တိုးလာစေသည်။

စစ်အာဏာရှင်များအား ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုခြင်း၊ ကုလသမဂ္ဂအား အရေးယူဆောင်ရွက်ရန်တောင်းဆိုသော်လည်း မဖြေရှင်းပေးနိုင်ခြင်းနှင့် စစ်တပ်၏ ကျူးလွန်မှု အတွက် တာဝန်ယူ တာ ဝန်ခံခိုင်းရန် နိုင်ငံတကာအား တိုက်တွန်း တောင်းဆိုပြီးသည့်နောက် အရာမထင်ခဲ့သည့်အတွက် မြန်မာပြည်သူများသည် စစ်အာဏာရှင်များကို ဆန့်ကျင်ရန်နှင့် ၎င်းတို့ကိုယ်ကိုယ်ကာကွယ်ရန် ဒေသဆိုင်ရာ ခုခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းလာကြသည်[၁၄]။ စစ်အာဏာရှင်တို့အားခုခံတွန်းလှန်ရန်မှအပ ရွေးချယ်စရာ လမ်းမရှိတော့သည့် အတွက်ဖြစ်သည်။ အသက်အရွယ် မရွေး၊ ကျား၊ မ မရွေး၊ လူမှုရေး၊ စီးပွားရေး နောက်ခံ အခြေအနေမတူ သူများသည် စစ်ပညာသင်ရန်အတွက် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထံ ထွက်ခွာသွားကြသည်။ ပြည်သူ့ကာကွယ်ရေးတပ် (PDF) များအဖြစ် သိထားသည့် အဖွဲ့များ တိုးပွားလာ၍ စစ်အာဏာရှင်တို့အား ခြိမ်းခြောက်နိုင်ပြီး နောက်ဆက်တွဲအဖြစ် စစ်ဆင်ရေးများ အထူးသဖြင့် ကျေးလက်ဒေသများတွင် များပြား ပြင်းထန်လာသည်။

စစ်အာဏာရှင်တို့ ကျူးလွန်သည့် နိုင်ငံတော်အဆင့် ကျူးလွန်မှုများကြောင့် အပြစ်မဲ့ပြည်သူများသည် ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုနှင့် မုဒိန်းပြုကျင့် ခံရခြင်း၊ ရွာများ မီးရှို့ဖျက်ဆီးခံရခြင်း စသည့် ၏လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားကို ခံကြရသည်။ တိုင်းရင်းသားဒေသများတွင် ပြည်သူတို့ မတွေ့ကြုံလိုသည့် ချိုးဖောက်မှုများကို မျက်ဝါး ထင်ထင်တွေ့ကြရသည့် ချိုးဖောက်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေသည်။ စစ်အာဏာသိမ်းပြီး များ မကြာမီတွင်ပင် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်အာဏာရှင်တို့၏ လေကြောင်းမှ တိုက်ခိုက်ခံရ၍ ကရင်ပြည်သူ ၂၀၀၀ ခန့် ပြေးလွှား ရှောင်ပုန်းကြရသည်[၁၅]။ ရလဒ်အနေဖြင့် ကျေးလက်ဒေသနေ ပြည်သူ ၉၀% ကျော် မူသရော်ခရိုင်တွင် ရွှေ့ပြောင်း ထွက်ပြေးနေရသည်[၁၆]။ ကရင် တော်လှန်ရေးအဖွဲ့များ၏ ပြန်လည်တိုက်ခိုက်မှုကို လက်တုန့်ပြန်သည့်အနေဖြင့် စစ်တပ်၏ မြင်မြင်သမျှ ရမ်းသမ်း ပစ်ခတ်ဗုံးကြဲခြင်းသည် ရွာသားများကို ကြောက်ရွံ့စေသည်။ စစ်တပ်မှ ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အပစ်အခတ် ရပ်စဲရေးကို ကြေငြာထားသော်လည်း စစ်တပ်မှ ပင် ကရင်ပြည် နယ် မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိုက်ခိုက်နေသည်။

အရပ်သား ပြည်သူများ နေထိုင်ရာဒေသတွင် စစ်ဆင်ရေးများ များပြားလာပြီး အထူးသဖြင့် အမျိုးသမီးများကို လူသားဒိုင်းကာအဖြစ် အသုံးပြုမှုကို ကရင်အမျိုးသမီးအစည်းအရုံးနှင့် ကရင်လူ့အခွင့်အရေးအဖွဲ့တို့က ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်[၁၇]။ တိုက်ပွဲဖြစ်ပွားရာ ဒေသများတွင် မုဒိန်းကျင့်မှု

၁၄။ "Local uprisings emerge to challenge Myanmar's army," Reuters, 19 April 2021
၁၅။ "20,000 in Hiding in Karen State as Burma Army Airstrikes and Ground Attacks Continue to Kill Civilians," Free Burma Rangers, 5 April 2021
၁၆။ "Regime airstrikes have displaced 90% of rural population in embattled Karen District," Myanmar Now, 25 May 2021
၁၇။ "Karen Rights Groups Condemn Burma Army's Use of Women as Human Shields Against Landmines and Attacks," Karen Information Center, 8 September 2021



Naw Beh Htoo, 58 yrs, wounded by airstrike in Day Pu No on
Karen State. March 27, 2021.
(Photo : https://www.freeburmarangers.org/)

ကို လက်နက်သဖွယ် အသုံးပြုနေသည့်အတွက် စစ်အာဏာရှင်တို့၏ အကျဉ်းချ ဖမ်းဆီးခံထားရသည့် အမျိုးသမီးများမှာ အန္တရာယ်အများအပြားနှင့် ကြုံတွေ့နေရသည်။

ချင်းပြည်နယ်ရှိ မင်းတပ်မြို့နယ်မှာ စစ်အာဏာသိမ်းပြီးနောက် ဖွက်ဖွက်ညက်ညက်ကြေ ဖျက်ဆီးခံရသည်။ ဒေသဆိုင်ရာ ကာကွယ်ရေးအဖွဲ့ကို ပထမဆုံးဖွဲ့ခဲ့သည့်အတွက် စစ်အာဏာရှင်တို့၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် အရက်စက်ဆုံးဖြိုခွင်းမှုကို ခံရသည်[၁၈]။ ဦးရေ ၅ သောင်းထက် နည်းပါးပြီး ချင်း တောင်တန်းဒေသတွင် နေထိုင်ကြသည့် ၎င်းတို့၏ ခုခံမှုမှာ ချီးကျူးလေးစားဖွယ်ဖြစ်သည်။ တိုက်ပွဲများကြောင့် ထောင်နှင့်ချီသည့် အရပ်သားများ လွတ်မြောက်ရာ ထွက်ပြေးခိုလှုံကြရသည်။ ဖြစ်ပွားနေသည့် အခြေအနေကြောင့်ကိုယ်ဝန်ဆောင်မိခင်များသည် အသက် ရှင်သန်ရေးအတွက် ထွက် ပြေးရန်လိုအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်း မမီသည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကလေးများအတွက် ထိခိုက်မှုများ ရှိစေသည်[၁၉]။ အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာစစ် အာဏာရှင်များသည် အမျိုးသမီး ၇ ဦးနှင့် ကလေး ၁၄ ဦး အပါအဝင် ချင်း တိုင်းရင်းသား ၁၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်[၂၀]။ ချင်းပြည်နယ်ရှိ ဒေသခံများမှာ လုံခြုံရေးအရ ဝင်ရောက်စီးနင်းခံရခြင်း၊ ရှောင်တခင် စစ်ဆေးမှုနှင့် မိုဘိုင်းဖုန်းနှင့် မော်တော်ဆိုင်ကယ်အပါအဝင် ပိုင်ဆိုင်မှုများ အသိမ်းခံရခြင်းကဲ့သို့ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ပိုင်ဆိုင်ခွင့်အပေါ် ချိုးဖောက်ခြင်းခံကြရသည်[၂၁]။

အာဏာသိမ်းပြီးသည့်နေက် အချိန်တိုအတွင်းမှာပင် ချင်းကာကွယ်ရေးတပ် (CDF) ပေါ်ထွက်လာပြီး စစ်အာဏာရှင်များအား ဆန့်ကျင်တိုက်ခိုက်ရန် လက်နက်စွဲကိုင်ခဲ့ခြင်းဖြစ်သည်။ CDF တို့၏ အဆိုအရ စစ်

၁၈။ "Myanmar: The small embattled town that stood up to the army," BBC, 22 May 2021
၁၉။ "Myanmar women give birth in jungle as military lies in wait," Al Jazeera, 21 July 2021
၂၀။ "Tatmadaw Killed Over 100 Civilians in Chin State," Khonumthung News, 6 September 2021
၂၁။ "The need for urgent cross-border humanitarian response on the Western front," Chin Human Rights Organization, 12 September 2021

ရှောင် ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတွင်ရှိပြီး စစ်ရှောင်စခန်းများတွင် နည်းဆုံး လူဦးရေ ၁၅၀၀၀ ခန့် တဖြည်းဖြည်းချင်း တိုးလာနေသည်။[၂၂]

စစ်အာဏာရှင်တို့အား ဆန့်ကျင်တိုက်ခိုက်နေသည့် PDF များရှိရာ စစ်ကိုင်းဒေသကြီးတွင် အရပ်သားပြည်သူများမှာ စစ်တပ်၏ စစ်ဆင်ရေးများကြားတွင် ပိတ်မိကြသည်။ ခုခံရေးလှုပ်ရှားမှုများနှင့် ဆက်စပ်သည့် စစ်သားများကို စစ်တပ်က ညှဉ်းပန်းနှိပ်စက်ကြသည်။ ND–Burma, နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့် ရှောက်ရေးအသင်း (AAPP) နှင့် Nyan Lynn Thit Analytica အဖွဲ့တို့မှ တွေ့ရှိ ချက်မှာ ကလေးအခြေစိုက်တပ်ရင်း ၂၂၈ အပါအဝင် တပ်မ ၄၄ နှင့် ၉၉ တို့သည် ဗျူဟာ သုံးခုခွဲ၍ အင်အား ၁၀၀၀ ခန့်ဖြင့် ကနီမြို့နယ်အတွင်း ရှိသမျှ ကျေးရွာများအားလုံးနီးပါးကို စီးနင်းတိုက်ခိုက်ခဲ့သည်[၂၃]။ အရပ်သားများမှာ တောတွင်းသို့ မဖြစ်မနေ ထွက်ပြေးတိမ်းရှောင်ရပြီး စားနပ်ရိက္ခာနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်ကြသည်။ ဇူလိုင်နှင့် ဩဂုတ်လအကြားတွင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အော်ရီဒူးနှင့် တယ်လီနော ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများကို ဖြတ်တောက်ခဲ့သည့်အတွက် ဒေသခံများမှာ လုံခြုံရေးကင်းမဲ့ ဆိုးရွားသည်ဟု ခံစားကြရသည်[၂၄]။ စစ်အာဏာရှင်တပ်များက စစ်ကိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို စီးနင်းရာတွင် လက် နက်ကြီးများ ပစ်ခတ်ပြီး သတင်းအတင်းအကြပ်ရယူရန်နှင့် ကြောက်လန့်စေရန်အတွက် ရွာသားများအား သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့သည်[၂၅]။ သေဆုံးသွားသည့် ရွာသားများအား မြေကြီးပေါ်တွင် စုပုံမီးရှို့ခဲ့ကြသည်[၂၆]။

တိုက်ပွဲဖြစ်ပွားရာ ဒေသတွင်နေထိုင်သည့် အမျိုးသမီးများမှာလည်း တိုက်ခိုက်ခံရရန် ခြိမ်းခြောက် မှုများရှိနေသည်။ ဇူလိုင်လ ၆ ရက်နေ့တွင် စစ်အာဏာရှင်တပ်များနှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) များအကြား တင်းမာနေသည့် စစ်ကိုင်းဒေသကြီးတွင် မပေါက်ကွဲသေးသည့် စစ်လက်နက် ပစ္စည်း ပေါက်ကွဲ၍ ကလေး ၂ ဦး အပါအဝင် ရွာသား ၃ ဦးသေဆုံးခဲ့ရသည်။ မြန်မာစစ်တပ်မှ တိုက်ခိုက်၍ ထွက်ပြေးလာသည့် စစ်ကိုင်းဒေသကြီးမှ ရွာသားများထဲတွင် ကိုယ်ဝန်ဆောင် မိခင်တဦးလည်းဒဏ်ရာရရှိသူများထဲမှ တဦးအပါအဝင်ဖြစ်သည်။ စစ်တပ်သည် ထွက်ပြေးနေသည့် ရွာသားများအား ရမ်းသမ်း ပစ်ခတ်ရာမှ အဆိုပါအမျိုးသမီး ခြေထောက်တွင် ဒဏ်ရာရသွားခြင်းဖြစ်သည်။ တိုက်ပွဲကြောင့် ၅ နှစ်အရွယ် မိန်းကလေးငယ်တဦးမှာ ခြေထောက်တွင် ဗုံးစ ထိမှန်ပြီး အကြောသေသွားသည်။ ထိုအချိန်က သူမအနေဖြင့် လုံလောက်သည့် ဆေးဝါးကုသမှု မရရှိခဲ့ပေ[၂၇]။

ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့်လည်း မိသားစုဝင်များအတွက် အခြေအနေကို ပိုမိုရှုပ်ထွေးစေသည်။

စစ်အာဏာရှင်တို့က တိုင်းရင်းသားဒေသများကိုဆယ်စုနှစ်နှင့်ချီ၍ အကြမ်းဖက် နှောင့်ယှက်ခဲ့သည်။ အာဏာသိမ်းပြီးချိန်မှစ၍ ကယားပြည်နယ်ရှိ လူဦးရေ လေးပုံတပုံမှာ နေရပ်စွန့်ခွာ ထွက်ပြေးကြရသည်[၂၈]။ စစ်အာဏာရှင်တို့အား အရပ်သားပြည်သူများက လက်မခံဘဲ စိန်ခေါ်ဆန့်ကျင်သဖြင့် အရပ်သားများအား PDF နှင့် ဆက်စပ်ပတ်သက်သည်ဟု သံသယဖြစ်ကာ ဖမ်းဆီးကြ

---

၂၂။ Myanmar's Military Blocks Supply Routes to 50,000 Refugees in Chin State Amid Renewed Fighting," Radio Free Asia, 9 August 2021

၂၃။ "Massacres in Kani Township, Yinmabin District, Sagaing Region," ND–Burma, the Assistance Association for Political Prisoners and Nyan Lynn Thit Analytica, 18 August 2021

၂၄။ Ibid

၂၅။ "At least 18 locals, including unarmed civilians, killed in Magway Region," Myanmar Now, 13 September 2021

၂၆။ "Junta soldiers torch 27 houses, murder civilian in Magway village," Myanmar Now, 13 September 2021

၂၇။ "Five year old girl paralyzed by untreated shrapnel injury after military shelling in Kalay," Myanmar Now, 16 July 2021

၂၈။ "UN says estimated 100,000 people internally displaced in Myanmar's Kayah State due to violence," Hindustan Times, 8 June 2021

သည်။ စက် တင်ဘာလလယ်တွင် အရပ်သား ၃၀ နီးပါး မှာ စစ်အာဏာရှင်တို့၏ ဖမ်းဆီးခြင်းခံရသည်[၂၉]။

ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် စစ်တပ်တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အတွက်ကြောင့် အရပ်သားပြည်သူများ ထွက်ပြေး တိမ်းရှောင်ကြရသည်။ စစ်တပ်အနေဖြင့် ကောင်းမွန်သည့် လက်နက်များ တပ်ဆင်ထားသော်လည်း စစ်မက်ပြိုင် တိုက်ခိုက်နေသည့် အရပ်သား ခုခံရေးတပ်ဖွဲ့များနှင့် တော်လှန်ရေး အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် စစ်အာဏာရှင်တပ်ဖွဲ့များ အထိနာပြီး ကာလကြာရှည် သိမ်းပိုက်ထားသည့် အခြေစိုက်စခန်းများလက်လွှတ်ဆုံးရှုံးရသည်[၃၀]။ စစ်သားများတပ်စွဲထားသည့် နေရာကို လမ်းလျှောက်ဖြတ်သွားသည့်လူငယ်တဦးအား မြင်မြင်ခြင်း ပစ်သတ်ခြင်းအပါအဝင်အရပ်သားများမှာ တိုက်ပွဲများကြား ပိတ်မိကြသည်။ မျက်မြင်ကြုံတွေ့ခဲ့ရသည့် ဒေသခံက အဆိုပါ လူငယ်မှာပုံမှန်သွားနေကြလမ်းအတိုင်း စိုက်ပျိုးရေး ခြံသို့အသွားလမ်းတွင် စစ်တပ်တပ်စွဲထားသည့်နေရာမှ ပစ်ခတ်၍ သေဆုံးသွားခြင်းဖြစ်သည်ဟု ပြောသည်[၃၁]။ တရက်တည်းတွင်ပင် စစ်တပ်က အနီးရှိ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ရမ်း သမ်းပစ်ခတ်ခဲ့သည်။ စက်တင်ဘာလဆန်းတွင် ရွာအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲသ ဖြင့် ဝူယန်ကျေးရွာမှ အမျိုးသမီးတဦး သေဆုံးခဲ့သည် [၃၂]။

တပ်မတော်သည် မြန်မာနိုင်ငံကို ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းအဖြစ် ရှုမြင်နေသော် လည်း အရပ်သားပြည်သူများ၏ ဘဝလုံခြုံရေးကို စဉ်ဆက်မပြတ် ထိပါးနှောင့်ယှက်နေသည်။ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ သက်သေများအဖြစ် စစ်အာဏာရှင်တပ်များက မီးရှို့ခဲ့သည့်ရွာများမှာ ပြာပုံအတိဖြစ်ခဲ့ပြီး၊ တရားမျှတမှုကင်းမဲ့စွာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရသည့်ရွာသားများ၏ သက်မဲ့ ခန္ဓာကိုယ်များကိုလည်း တွေ့ရှိရသည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ လူ့အခွင့်အရေး ချိုးဖောက်မှုများ အရှိန်အဟုန်ဖြင့် များပြားလာသည်မှာ စစ်အာဏာရှင်တို့အနေဖြင့် ၎င်းတို့ အာဏာ တည်မြဲရေးအတွက် စိတ်ထင်တိုင်း လုပ်ချင်ရာ လုပ်မည်ကို ပြသနေခြင်းဖြစ်သည်။ တော်လှန်ရေးအ ဖွဲ့များအား လူသစ်၊ စားနပ်ရိက္ခာ၊ ရံပုံငွေနှင့် သတင်းအချက်အလက်များ မရရှိစေရန်အတွက် အရပ်သားပြည်သူများအား သီးခြားထိန်းချုပ်ထားသည့် ဖြတ်လေးဖြတ် စီမံကိန်းအား စစ်အာဏာရှင်တို့မှ ပြန်လည်ကျင့်သုံးသည်ကိုလည်း တွေ့ရှိရသည်[၃၃]။ ထိုသို့ စစ်အာဏာရှင်တို့၏မကြုံစဖူး ကြမ်းတမ်း ရက်စက်မှုများ ရှိနေသော်လည်း ပြည်သူတို့၏ မဆုတ်မနစ်သော သံမဏိဥာန်ကြောင့် စစ်အာဏာရှင် စနစ် ကျဆုံးရမည်မှာ မလွဲကေန်ဖြစ်သည်။

---

[၂၉]။ "Civilians Arrested as Myanmar Military Cracks Down in Kayah State," The Irrawaddy, 14 September 2021
[၃၀]။ "Junta Troops Killed in Civilian Attacks Across Myanmar," The Irrawaddy, 10 September 2021
[၃၁]။ "Burma Army Extracts Bribes from Travelers In Kachin State," Kachin News Group, 26 August 2021
[၃၂]။ Ibid
[၃၃]။ "What is the Myanmar military's 'four cuts' strategy?" Al Jazeera, 6 July 2021

# အခန်း (၂) အခြေခံလွတ်လပ်ခွင့်များ ငြင်းဆိုခံရခြင်း

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ်မြန်မာ စစ်အာဏာရှင်များသည် မည်သည့်အခါကမျှ တန်ဖိုးထား သို့မဟုတ် အကာအကွယ်ပေးခြင်းမရှိပေ။ ကိုလိုနီခေတ်က ပြင်းထန်သည့် ဥပဒေများအား စစ်တပ်၏ သိက္ခာကို အကာအကွယ်ပြုရန် ဖန်တရာတေ အသုံးပြုနေသည်။ တရားဥပဒေစိုးမိုး မှုကို မထီမဲ့မြင်ပြုနေသည့် စစ်ဗိုလ်ချုပ်များက ၎င်းတို့အား ဝေဘန်သူများအား စိစစ်ဖြတ်တောက်မှုဖြင့် အထူးအလေးပေး တုန့်ပြန်လုပ်ဆောင်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေနှင့်ဆက်သွယ်ရေးဥပဒေတို့ကို ဆိတ်ဆိတ်နေစေရန်၊ ငြိမ်းခြောက်ရန်နှင့် ဝေဘန်မှုကို အပြစ်ပေးသည့်အနေဖြင့် ပြင်းပြင်းထန်ထန် အသုံးပြုနေသည်[၂၄]။

စစ်အာဏာသိမ်းချိန်မှစပြီး မြန်မာစစ်တပ်သည် သဘောထားကွဲသူများအပေါ် ဖိနှိပ်ရန်အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုသည် အပြစ်ရှိကြောင်းဖြင့် ပြစ်မှုဆိုင်ရာဥပဒေအား ပြောင်းလဲခဲ့သည်။ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် လုံခြုံရေးကို အာမခံသည့် ဥပဒေများကို ပြင်ဆင်၍ စစ်အာဏာရှင်တို့အား ဆန့်ကျင်သည့် အရပ်သား ပြည်သူများအား တရားစွဲနိုင်စေရန်လုပ်ဆောင်ခဲ့သည်။ စစ်တပ်မှ ပုဒ်မအချို့ကိုရပ်ဆိုင်းခဲ့ပြီး အရပ်သားပြည်သူများအား ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်၊ နောက်ယောင်ခံ လိုက်ခွင့်နှင့် ဝင်ရောက်ဖမ်းဆီးသိမ်းဆည်း ခွင့် စသည့် လုပ်ပိုင်ခွင့်များကို ရယူခဲ့သည်[၂၅]။

'တက်ကြွမှုကို ရပ်တန့်ရန်လုပ်ဆောင်ခြင်း' နည်းလမ်းဖြင့် ပြင်ဆင်ထားသည့် ဥပဒေများအသုံးပြု၍ မြန်မာပြည်သူများအား ဥပဒေဖြင့် ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။ စစ်ဆေးရေးဂိတ်များရှိ အာဏာရှင်တပ်မှ စစ်သားများသည် ဒီမိုကရေစီလိုလားသူ တက်ကြွလှုပ်ရှားသူများထံမှ မည်သည့် သက်သေခံပစ္စည်းကိုမဆို သိမ်းဆည်းပိုင်ခွင့်၊ ရိုက်နှက် ထိုးကြိတ်ပိုင်ခွင့် သို့မဟုတ် အမိန့်မနာခံသူ မည်သူ့ကိုမ ဆို ထိန်းသိမ်းပိုင်ခွင့်များ ရရှိနေသည်။ အကျိုးဆက်အနေဖြင့် အရပ်သားပြည်သူများသည် မည်သည့် အခြေအနေတွင်မျှ မလုံခြုံသည့် ပတ်ဝန်းကျင် အနေအထားအောက်တွင် ရောက်ရှိနေသည်ဟု ခံစား ကြရသည်။ အထူးသဖြင့် လူငယ်များမှာ ပို၍ပစ်မှတ်ထားခြင်း ခံနေရသည်။

ဒီမိုကရေစီ စည်ပင်ထွန်းကားရေး အတွက် လိုအပ်သည့် စာနယ်ဇင်းသည်လည်း စစ်အာဏာရှင်တို့၏ တိုက်ခိုက်ခြင်းကို ခံနေရသည်။ တိုက်ပွဲများဖြစ်ပွားနေသည့် ဒေသများတွင် အမျိုးသမီးများ၏ ဘဝမှာ အန္တရာယ်အကြီးအကျယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး စစ်တပ်၏လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိုခံရနိုင်သည့် အနေအထားတွင် ဆိုးဆိုးရွားရွား ရှိနေသည်။ အန္တရာယ်

၂၄။ "Myanmar: Telecommunications Law," Article 19, 8 March 2017

၂၅။ "We have lost our private sphere," The infringement of privacy rights under the military junta in Mon State, Karen State and Tanintharyi region, The Human Rights Foundation of Monland, 15 September 2021


People Arrested as Security Forces Use Tear Gas, Water Cannons and Live Ammunition in Karen State Anti-Coup Protests/Police pull hair (Photo : karennews.org) March, 2021.

ရှိရှိ မရှိရှိ အမှန်တရားကို ထုတ်ဖော်လိုသည့် ၎င်းတို့ ၏ သံန္နိဋ္ဌာန်မှာ တည်ကြည်လေးနက်ပြီးရဲစွမ်းသတ္တိအပြည့် ရှိကြောင်းညွှန်ပြနေသည်။ မထက်ထက်ခိုင်နှင့် ဖမ်းဆီး ခံအမျိုးသမီးများ အပါအဝင် သံတိုင်နောက်ကွယ်မှ ထိန်းသိမ်းခံ အမျိုးသမီးများ၏ဘဝသည် စိတ်ပူပန်စရာ အခြေအနေနှင့် ပြုမူဆက်ဆံခြင်းခံရသည်။ အကျဉ်းကျ ခံနေ ရသည့် အမျိုးသမီးသတင်းထောက်များအား အ မှောင်ခန်းထဲတွင် ထားခြင်းနှင့် ခြိမ်းခြောက်ခြင်းအပါ အဝင် စိတ်ဓာတ်စစ်ဆင်ရေးလုပ်၍ ညှဉ်းပန်းနှိပ်စက်ခံရ သည်[၂၆]။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေး ခြင်းနှင့် ငြိမ်းချမ်းစွာချီတက်ဆန္ဒပြခြင်းတို့အပေါ်ဖိနှိပ် ချုပ်ခြယ်နေခြင်းအား အရပ်သားပြည်သူများ အစိုးရ အား ဆန့်ကျင်ပြောဆို ထုတ်ဖော်ရာတွင် ကာကွယ် စောင့်ရှောက်ရန် စည်းရုံးတိုက်တွင်းနေသည့် လူ့အခွင့် အရေးအဖွဲ့များက တုန့်ပြန်ဝေဘန် ကြသည်။ အာဏာ သိမ်းပြီး နှစ်ပတ်မကြာမီမှာပင် နယ်စည်းမခြား သတင်း သမားများအဖွဲ့မှ “ မြန်မာသည် လွန်ခဲ့သည့် ၁၀ နှစ် သို့ပြန်ရောက်သွားသည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင်စစ် အာဏာရှင်များမဖြို့ခွဲမီက သတင်းလွတ်လပ်မှု ရှိခဲ့သည်”[၂၇] ဟု ထုတ်ပြန်ခဲ့သည်။ စက်တင်ဘာလ အရောက်တွင် စစ်အာဏာရှင်များ ဖေဖော်ဝါရီလမှ စတင်ဖမ်းဆီးခဲ့ သည့် သတင်းသမား ၈၇ ဦးရှိပြီး ဇွန်လတွင်အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာသည့် သတင်း သမား ၂ ဒါဇင်သာရှိသည်[၂၈]။ စစ်အာဏာရှင်တို့၏ အကျဉ်းစခန်းများတွင် သတင်းသမားများနှင့် နိုင်ငံရေး အကျဉ်းသားများမှာ ကြောက်ရွံ့ ဆိုးရွားစွာအခြေအနေ ဖြင့် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် နေ့စဉ် ရိုက် နက်ခံရခြင်း တို့ အပါအဝင် လူမဆန်စွာ ပြုမူဆက်ဆံခံရ သည်။

---

၂၆။ “Arrests, Torture, Beatings and Jail – Inside Myanmar’s Daily Junta Reality,” Karen News, 31 August 2021
၂၇။ “Press freedom set back ten years in ten days” after coup in Myanmar,” Reporters Without Borders, 10 February 2021
၂၈။ “More Than Seven Dozen Reporters Arrested Since Myanmar Coup,” Radio Free Asia, 14 September 2021,

ဧပြီလတွင် 'နိုင်ငံတော်တည်ငြိမ်မှုကို ပျက်ပြားစေရန် ရည်ရွယ်ပြီး သတင်းများဖြန့်ဝေသည်' ဟု စွပ်စွဲကာ ဖမ်းဆီးရန် အလိုရှိသည့် သတင်းသမားများစာရင်းကို စစ်အာဏာရှင်တို့က ထုတ်ပြန်ခဲ့သည်[၃၉]။ ဖမ်းဝရမ်းထုတ်ခံရသူများသည် ကိုလိုနီခေတ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅ (က) ဖြင့် တ ရားစွဲခံရပြီး မြန်မာ့တပ်မတော်အား ဝေဘန်သည့် သတင်းများ ပုံနှိပ်သူ၊ ဖြန့်ဝေသူ မည်သူ့ကိုမဆို အဆိုပါဥပဒေဖြင့် အရေးယူခြင်းဖြစ်သည်။ လုံခြုံရေးကို ခြိမ်းခြောက်ခံရသည့်အတွက် ဒါဇင်နှင့်ချီသည့် သတင်းသမားများ ရှောင်တိမ်းကြရသည်။ အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူနှင့် မဇ္ဈိမသတင်းဌာနကို တည်ထောင်သူ မသင်းသင်းအောင်မှာ ဖမ်းဆီးခံရသူများထဲမှာ တဦးအပါအဝင်ဖြစ်ပြီး စစ်အာဏာရှင်တို့က ဖမ်းဝရမ်းထုတ်ပြီးမကြာမီမှာပင် ဖမ်းဆီးခံရခြင်းဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများက သူမအား ပြန်လွှတ်ပေးရန် တောင်းဆိုကြသည်[၄၀]။ DVB သတင်းထောက် တဦးက ၎င်းအား သူနေထိုင်ရာ မြိတ်မြို့ရှိ နေအိမ်တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့က အကြမ်းဖက် ပစ်ခတ်ဖမ်းဆီးခြင်းကို လူမှုကွန်ရက်ပေါ်မှ တိုက်ရိုက်လွှင့်ခဲ့သည်[၄၁]။ ၎င်းအား ဖမ်းဆီး မခေါ် ဆောင်သွားမီ "ကယ်ကြပါ...ကယ်ကြပါ ..ကျနော့်ကို ပစ်နေကြပြီ" ဟု အော်ဟစ် အကူအညီ တောင်းခဲ့သည်[၄၂]။

သံတိုင်နောက်ကွယ်မှ သတင်းထောက်များသည် ဖမ်းဆီးထောင်ချခံထိုက်သူများ မဟုတ်ပေ။ စစ်အာဏာရှင်တို့၏ သတင်းလွတ်လပ်မှုအပေါ် ဆန့်ကျင်ချေမှုန်းနေခြင်းသည် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုကို ပစ်ပယ်လိုသည့် ၎င်းတို့၏ ဆိုးမွေတွင် နောက်ထပ် အမည်းစက် စွန်းထင်းသွားခြင်း ဖြစ်သည်။

စစ်တပ်သည် 'သတင်းသမား' ဟု ချိတ်ဆွဲဖော်ပြထားသူ သို့မဟုတ် ဒဏ်ရာရနေသည့် ဆန္ဒပြသူများအားပြုစုစောင့်ရှောက်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ပစ်ခတ်ရန် လက်တွန့်နေသူများ မဟုတ်ပေ။ ရန်ကုန်တွင် ရှေ့တန်းမှ ကုသပြုစုပေးနေသည့်လူ့အခွင့်အရေးဆိုင်ရာ မြန်မာဆရာဝန်များကွန်ရက်(MDHRN) က "ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်နေသည့်" အမျိုးသမီးကျန်းမာရေးဝန် ထမ်းများကိုစစ်ကောင်စီတပ်များက ပစ်မှတ်ထား တိုက်ခိုက်နေကြောင်း ထုတ်ပြန်သည်[၄၃]။ မြို့ပြနှင့် နယ်ဘက်ဒေသများတွင် သတင်းရေးသား အစီရင်ခံနေသည့် သတင်းသမားများမှာလည်း အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ မန္တလေးတွင် ဆန္ဒပြပွဲကို စစ်အာဏာရှင်တို့မှဖြိုခွင်းနေသည်ကို သတင်းယူနေသည့် Frontier Myanmar မှ သတင်းထောက်တဦးသည် ပစ်ခတ်ခံရပြီး ၃နာရီကြာသည်အထိ ဆေးဝါးကုသမှုမရရှိခဲ့ပေ[၄၄]။ နွေဦးတော်လှန်ရေးတွင် ပြည်သူများလိုအပ်ချက်အတိုင်း တုန့်ပြန်ဆောင်ရွက်ပေးသူများနှင့် ဆန္ဒပြမှုများ ကို သတင်းရယူသူများ ကြုံတွေ့ရသည့် လက်တွေ့အခြေအနေဖြစ်သည်။ အမှန်တရားဖော်ထုတ်ရာတွင် ကြုံတွေ့ရသည့် အန္တရယ်များကို ကိုယ်တိုင် ကာကွယ်ဖြေရှင်းရသည်။

စစ်အာဏာသိမ်း ခေါင်းဆောင်များနှင့် အရပ်သားများအား ပစ်ခတ်သတ်ဖြတ်သည့် စစ်သားများအား ဝေဖန်ပြစ်တင်သည့် တက်ကြွလှုပ်ရှားသူများမှာလည်း

၃၉။ "Myanmar junta now publishing lists of wanted journalists," Reporters Without Borders, 19 April 2021
၄၀။ See press release: "Women's League of Burma calls on international support for the immediate release of Women's Human Rights Defender Thin Thing Aung," 9 August 2021
၄၁။ "Shots fired as Myanmar journalist live-streams police raid to detain him," Reuters, 3 March 2021
၄၂။ Ibid
၄၃။ "Myanmar's Coup Has Put Women in Harm's Way," The Diplomat, 3 September 2021
၄၄။ "In the line of fire: the deadly job of covering Mandalay's protests," Frontier Myanmar, 4 April 2021

ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ကြရသည်။ စစ်အာဏာသိမ်းမှုကို ပြင်းပြင်းထန်ထန် ဆန့်ကျင်၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများ၊ စည်းရုံး ဆော်သြသူများသည် လမ်းမများပေါ်နှင့် နေအိမ်တွင်းမှာပင် ကျည်ဆံနှင့် နံပတ်တုတ်များကို ရင်ဆိုင် ကြုံတွေ့ ကြရသည်။ ဆန္ဒပြသူအများစုမှာမဖြစ်မနေ ပုန်းအောင်းနေရသည်။ ဖမ်းဆီးခံရသူများမှာ အကြမ်း ဖက်မှု ဥပဒေ ပုဒ်မ ၅၀ ဖြင့် ဖမ်းဆီးခံရပြီး အာဏာရှင်တို့က “အကြမ်းဖက်သူများ” ဟု သတ်မှတ်ခံထားရသူများအား စိတ်ဓာတ်ရေးရာအရဖြစ်စေ၊ ငွေကြေးအားဖြင့် ဖြစ်စေ ကူညီသူများသည် အဆိုပါဥပဒေဖြင့် တရားစွဲဆိုခြင်းခံရသည်။ စစ်အာဏာရှင်တို့ အလိုရှိသူများအား ဖမ်းဆီးမရပါက ၎င်းတို့၏ မိသားစုဝင်များမှာ ဓားစာခံအဖြစ် ဖမ်းဆီးခံရသည်။

အခြေခံလွတ်လပ်ခွင့်များကို ထိပါးစော်ကားမှုအဖြစ် စစ်အာဏာရှင်တို့သည် အင်တာနက်ဆက်သွယ်မှုကို ဖြတ်တောက်ခဲ့သည်။ စစ်အာဏာသိမ်းပြီးပြီးချင်းမှာပင် ပြည်သူတို့သည် ညဘက်မှ မနက်စောစောတိုင်အောင် အင်တာနက် ဆက်သွယ်နိုင်ခြင်း မရှိခဲ့ပေ။ လပေါင်းများစွာ ထိုသို့ ဖြစ်နေ ခဲ့ပြီး နံနက်စောစော အင်တာနက် ပြန်ရသည့်အခါ လမ်းများပေါ်တွင် စစ်အာဏာရှင်တို့ ပစ်ခတ်သတ်ဖြတ်ထားသည့် အလောင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရသည်။ တိုက်ပွဲများဖြစ်ပွားသည့် ဒေသများတွင်လည်း အရပ်သားများမှာ အင်တာနက်ဖြတ်တောက်ခံရခြင်း မိုဘိုင်းဖုန်းများအသုံးမပြုနိုင်ခြင်း အပါအဝင် ဖိနှိပ်မှုမျိုးစုံနှင့် ကြုံတွေ့ရပြီး ဒုက္ခသည်အဖြစ် ခိုလှုံရန် ကြိုးပမ်းသူများအတွက် လုံခြုံရေးကို ထိပါးခြိမ်းခြောက်မှု ဖြစ်သေည်။

ကချင်ပြည်နယ်တွင် ပြည်သူတို့နှင့် စစ်အာ ဏာရှင်တို့မှာ နေရာတိုင်းတွင် ထိပ်တိုက်တွေ့နေသည်။ ဖားကန့်တွင် ၂၀၂၁ ခုနှစ် ဩဂုတ်လမှစပြီး မည်သည့်အကြောင်းပြချက်မျှမရှိဘဲ အင်တာနက် ဖြတ်တောက်ခဲ့ပြီး မည်သည့်အချိန်တွင် ပြန်ရမည်ဆိုသည့် အရိပ်လက္ခဏာကိုလည်း မတွေ့ရပေ[၄၅]။ မန္တလေး၊ စစ်ကိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ မြို့နယ်အချို့တွင် စစ်အင်အား အလုံးအရင်းနှင့် ဝင်ရောက်လာပြီးနောက် မိုဘိုင်း အင်တာနက်နှင့် ဝိုင်ဖိုင် ဆက်သွယ်ရေးစနစ်များအား ဖြတ်တောက်ခဲ့သည်[၄၆]။ အကျိုးဆက်အနေဖြင့် အရပ်သားများ အဆိုးဆုံး အခြေအနေအတွက် ပြင်ဆင်ရန် သတင်းအချက်အလက် လုံးဝနီးပါး မရတော့ခြင်းဖြစ်သည်။ ဆက်သွယ်ရေး စနစ်များ ဖြတ်တောက် လိုက်ခြင်းဖြင့် စစ်အာဏာရှင်တို့က အပြစ်မဲ့ အရပ်သားများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုများကို စောင့်ကြည့် သတင်းပို့မှုများ မလုပ်နိုင်တော့သဖြင့် အာဏာရှင်တို့အနေဖြင့် အလွယ်တကူ လက်လွတ်စပယ် ချိုးဖောက်နိုင်ကြသည်။ အကြီးအကျယ် အကြမ်းဖက်ခြင်းကြောင့် အရပ်သား များ စိုးရိမ် ကြောက်လန့်လာရသည်မှာ အံ့ဩဖွယ်မဟုတ်ပေ[၄၇]။

ထို့အပြင် မိမိ အတွေးအခေါ် အယူအဆအား လွှမ်းမိုး စွက်ဖက်မခံရခြင်း၊ သတင်းအချက်အလက် များ ရယူထိန်းသိမ်းထားခြင်းနှင့် မီဒီယာများမှတဆင့် အမြင်သဘောထားများ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုပိုင်ခွင့် အပါအဝင် အခြေခံ အခွင့်အရေးများကို ဂျီနီဗာကွန်ဗန်းရှင်းဖြင့် အကာအကွယ်ပေးထားသည်[၄၈]။ လူတိုင်းလူတိုင်းသည် လွတ်လပ်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အဖွဲ့အစည်း ဖွဲ့စည်း တည်ဆောက်ခွင့်လည်း ပြုထားသည်။

---

၄၅။ “Myanmar Junta Cuts Internet Access in Hpakant,” The Irrawaddy, 24 August 2021
၄၆။ “Internet blackout hits parts of Sagaing and Mandalay,” Myanmar Now, 15 September 2021
၄၇။ “Anti-Junta Townships in Myanmar Fear Internet Shutdowns Signal Imminent Military Offensive,” Radio Free Asia, 16 September 2021
၄၈။ See Universal Declaration of Human Rights, United Nations

စစ်အာဏာရှင်တို့က အဆိုပါ အခွင့်အရေးများကို လုံးဝ ပယ်ချ၊ ငြင်းဆန်ပြီး ၎င်းတို့ စွဲကိုင်ထားသည့် "စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ" ဖြင့် တိုင်းပြည်အား မထီမဲ့မြင် ပြု လျှက်ရှိသည်[၄၉]။

မည်သည့်အစိုးရမဆို အခြေခံ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ဖိနှိပ် အကြမ်းဖက် ချိုးဖောက်ပါ က အပြင်းထန်ဆုံး စကားလုံးများဖြင့် ပြစ်တင်ရှုံ့ချရမည် ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်သော စစ်အာဏာသိမ်း မှုကြောင့် အရပ်သားပြည်သူများ ကြောက်ရွံ့စိုးရိမ်နေရ သည်မှာ လက်ခံဖွယ် မဟုတ်ပေ။

ပြည်သူတို့က အကာအကွယ်ပေးရန် နှစ်ပေါင်း များစွာ တောင်းဆိုနေမှုကို နားထောင်ရမည်ဖြစ်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည်လည်း လမ်းမ ချော်သွားစေရပေ။

၄၉။ "Myanmar junta defends coup for a 'disciplined democracy'," The Times of India, 9 February 2021


ဓါတ်ပုံ– CHRO

# အခန်း (၃) ကိုဗစ် – ၁၉ ကပ်ရောဂါအား လွဲမှားစွာ စီမံခန့်ခွဲခြင်း

နိုင်ငံနှင့်ချီဖြစ်သည့် ကိုဗစ်–၁၉ ကပ်ရောဂါမှာ ကမ္ဘာတဝှန်း လူ့အသက်ပေါင်းမြောက်မြားစွာကို ထိခိုက်ဆုံးရှုံးစေသည်။ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ နှေးကွေးပြီး ထိရောက်မှုမရှိသည့် စီမံခန့်ခွဲမှုများကြောင့် ထိခိုက်နစ်နာလွယ်သူများအပေါ် အဆိုးရွားဆုံး ထိခိုက်စေသည်။ မြန်မာနိုင်ငံတွင် NLD လက်ထက်၌ ကိုဗစ်ရိုးနှင့် အက်စတာဇီးနက်က (Covisheild/Astra Zeneca) ကာကွယ်ဆေး ၁.၅ သန်း ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလကုန်တွင် ဝယ်ယူခဲ့သည်[၅၀]။ သို့သော်လည်းနောက်တရက်မှာပင် စစ်အာဏာရှင်တို့က အာဏာ သိမ်းလိုက်၍ NLD ၏ ကိုဗစ်–၁၉ တုန့်ပြန်ဆောင်ရွက်ရန် အစီအမံများ မှာ သဲထဲရေသွန် ဖြစ်သွားသည်။ စစ်အာဏာရှင်တို့၏ အာဏာငမ်းငမ်းတက်မှုကြောင့် လူ့အခွင့်အရေးနှင့် ကျန်းမာရေး အခွင့်အရေးများ ချိုးဖောက်ခံရပြီး အဆိုးဆုံးအနေဖြင့် လူထု ကောင်းကျိုးချမ်းသာ အစီအစဉ်များကို တမင်တကာ ဖျက်ဆီးလိုက်ခြင်း ဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက် ဆန္ဒပြပွဲများ တစစကြီးထွားလာရာ အရပ်သား ပြည်သူများမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြု၍ စစ်အာဏာရှင်စနစ်အဆုံးသတ်ရေးအတွက် လမ်းမများပေါ် ထွက်လာကြသည်။ လက်သန့်စင်ဆေးနှင့် နှာခေါင်းစည်းများကို အင်အားကြီးထွား များပြားလာသည့် ဆန္ဒပြ သူများကို ဝေငှပေးကြသည်။ ဆန္ဒပြပွဲများသို့ ရောက်လာသည့် မြန်မာစစ်သားများသည် ကျန်းမာရေးဝန်ထမ်းများကိုပါ တိုက်ခိုက်ကြသည်[၅၁]။

ဆေးရုံများမှာ စစ်အာဏာရှင်တပ်များ တပ်စွဲထားသည့်အတွက် အရေးပေါ်ကားများမှာလည်း စစ်သားများ ပစ်ခတ် တိုက်ခိုက်ရန် ပစ်မှတ်များဖြစ်လာသည်။ နိုင်ငံတဝှန်း သိန်းနှင့်ချီသည့် အရပ်သား ပြည်သူများ ထွက်ပြေးတိမ်းရှောင်ကြရာတွင် လူသားချင်းစာနာမှု အကူအညီပေးရေး လမ်းကြောင်းများကို စစ်အာဏာရှင်တို့က ပိတ်ဆို့ထားသည့်အပြင် အလှူရှင်များ ပေးပို့သည့် ပစ္စည်းများကိုလည်း မီးရှို့ဖျက်ဆီးပစ်ကြသည်[၅၂]။ စစ်အာဏာရှင်တို့အနေဖြင့် လူ့အသက်ရှင်သန်မှုကို တန်ဖိုးမထား မလေးစားကြောင်း နောက်ထပ်သက်သေ အထောက်အထားများပင်ဖြစ်သည်။ ကိုဗစ်–၁၉ ကပ်ရောဂါ ကလည်း မည်သူ့ကိုမျှ ခြွင်းချက်မထားပေ။

NUG မှ ပြုလုပ်သည့် စစ်တမ်းကောက်ယူမှုအရ အရပ်သား ၅ ရာခိုင်နှုန်းခန့်သာ စစ်အာဏာရှင်တို့ ထိန်းချုပ်ထားသည့် စစ်ဆေးရုံများတွင်သာ ကုသမှုရရှိ

၅၀။ "More than 380 000 in Myanmar receive COVID-19 vaccine," Myanmar Times, 5 February 2021
၅၁။ "Medics, Aid Volunteers Become Latest Targets of Myanmar Junta's Brutality," The Irrawaddy, 3 March 2021
၅၂။ "Many in Mindat still in need as junta imposes restrictions on distribution of UNCHR aid," Myanmar Now, 20 July 2021



A Myanmar policemen kicks a volunteer medic after officers pull over his ambulance in North Okkalapa towsship, Yangon, Mar. 3, 2021. (RFA)

သည်[၅၃]။ ၃၄ ရာခိုင်နှုန်းမှာ တယ်လီဖုန်း သို့မဟုတ် ဆိုရှယ်လူမှုကွန်ရက်များမှ တဆင့် ကျန်းမာရေး အကူအညီများ ရရှိကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသူ သုံးပုံ နှစ်ပုံသော လူထုမှာ မည်သည့် ကျန်းမာရေးစောင့်ရှောက်မှု တစုံတရာမျှ မရရှိကြပေ[၅၄]။ ၎င်းတို့အထဲမှာ ၇၃ ရာခိုင်နှုန်းမှာ အိမ်တွင် သေဆုံးကြသူများဖြစ်ပြီး ၁၇ ရာခိုင်နှုန်းမှာ အစိုးရ ဆေးရုံများတွင် သေဆုံးကြသူများဖြစ်သည်[၅၅]။ ထိရောက်စွာ ကိုင်တွယ်ခြင်းမရှိသည့်အတွက် ကိုဗစ်-၁၉ကြောင့် နေ့စဉ်သေဆုံးသူနှင့် ကူးစက်သူ အရေအတွက် များပြားလာသည်။ နေအိမ်များတွင် အသည်းအသန် အကူအညီလိုအပ်သူများကို ကူညီကုသပေးသည့် ကျန်းမာရေး လုပ်သားများမှာ စစ်အာဏာရှင်တို့၏ အမနာပ ပြောဆိုခြင်းခံရသည်။ ဖေဖော်ဝါရီ ၁၁ မှ မေလ ၁၁ အတွင်း တိုက်ခိုက်ခံရသည့် ကျန်းမာရေးလုပ်သားများအကြောင်းကို Physicians for Human Rights အဖွဲ့က မှတ်တမ်းတင်ထားသည်။ ၎င်းတို့၏ တွေ့ရှိချက်အရ ဖေဖော်ဝါရီ တလတည်းတွင်ပင် ဆေးရုံအလုံး ၂၀ စစ်အာဏာရှင်တပ်များ၏ ဝင်ရောက်သိမ်းပိုက်ခြင်းကိုခံရပြီး ကျန်းမာရေး လုပ်သားများ တိုက်ခိုက်ခံရမှု ၁၇၈ ခု ရှိခဲ့သည်[၅၆]။ စစ်တပ်မှ ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်း မရှိသည့်အတွက် NUG သည် ကုလသမဂ္ဂ အစီအစဉ် အောက်မှ ကိုဗစ်ကာကွယ်ဆေး ၆ သန်း ရရှိစေရန် တိုးမြှင့်ဆောင်ရွက်ခဲ့သည်[၅၇]။

အရေးပေါ်လိုအပ်သည့် ဆေးဝါးများ ဈေးတက်သွားသည့်အတွက် ဝင်ငွေနည်းပါးသော မိသားစုများ ဝယ်ယူနိုင်ခြင်း မရှိတော့ပေ။ ကွာဟချက်များနေပြီး အတိမ်းအစောင်းမခံသည့် မြန်မာပြည်မှ လက်ရှိကျန်းမာရေးစနစ် ပိုမိုဆိုးရွား ယိုယွင်းနေစဉ်တွင် ဆေးဝါးလိုအပ်ချက် မတန်မဆများသော်လည်း ရောင်းစရာ

[၅၃]။ See Ministry of Health, National Unity Government of Myanmar, 21 August 2021
[၅၄]။ Ibid
[၅၅]။ Ibid
[၅၆]။ See Research Brief by Physicians for Human Rights, “Violence Against Health Care in Myanmar: Three-month review,” 25 May 2021.
[၅၇]။ “Myanmar’s Shadow Government Plans COVID-19 Vaccine Rollout” The Irrawaddy, 27 August 2021

ဆေးဝါး ပြတ်လပ်သွားသည့်အတွက် ဆေးဆိုင်အချို့မှာ မဖြစ်မနေ ပိတ်လိုက်ရသည်[၅၈]။ ကိုဗစ်-၁၉ ကူးစက်သူ လူနာအရေအတွက် နေ့စဉ် တိုးလာသဖြင့် ဆေးရုံများမှာ လူနာလက်မခံနိုင် သည့် အခြေအနေသို့ ရောက်ရှိသွားသည်။ ကုတင်၊ အောက်စီဂျင်ဗူးနှင့် အရေးပေါ်လိုအပ်သည့် ကုသရေးဆိုင်ရာ ပစ္စည်းများချို့တဲ့သည့်အတွက် လူနာများမှာ ဆေးရုံတွင် တက်ရောက် ကုသနိုင်ခြင်းမရှိပေ။ အောက်စီဂျင်ရရန် တန်းစီနေသည့် လူအုပ်ကြီးအား စစ်အာဏာရှင် တပ်များက ပစ်ခတ် ပြီး ကျန်ရှိနေသည့် အောက်စီဂျင်ဗူးများကို အတ္တကြီးစွာဖြင့် စစ်ဆေးရုံအတွက် သယ်ဆောင်သွားကြသည်[၅၉]။ ၎င်းတို့၏ မနှစ်မြို့ဖွယ် လုပ်ရပ်မှာ အထူးအံ့သြဖွယ်ရာ မဟုတ်ပေ။ စစ်အာဏာရှင်များ သည် ပြည်သူ့အကျိုးအတွက် ၎င်းတို့အကျိုး ကာကွယ်ရန်ကိုသာ ဦးထိပ်ပန်ဆင်ကြသည်။ ကိုဗစ်-၁၉ ရောဂါ မြန်မာပြည်တွင် စတင်ကူးစက်ချိန်ကစစ်တပ်ကသာ ကာကွယ်ရေး အသုံးအဆောင်များကို ဦးစွာ ရယူနိုင်ခဲ့ကြသည်[၆၀]။

၂၀၂၀ ခုနှစ် အစပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ပြန့်နှံ့ချိန်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂုတ်တားရက်စ် (Antonio Guterres) က ကမ္ဘာနှင့် အဝှမ်း အပစ်အခတ်ရပ်စဲ ရန် တောင်းဆိုခဲ့သည်[၆၁]။ မြန်မာစစ်တပ်က ထိုတောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။ အရပ်သားပြည်သူများမှာ စီးပွားပျက်ပြီးလုပ်ငန်းကိုင်ငန်းများ ပိတ်သိမ်းလိုက်ရပြီး ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ရန် စံနှုန်းအသစ်များဖြင့် ကိုယ့်ကိုယ့်ကိုယ် ထိန်းကျောင်းနေချိန်တွင် စစ်တပ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်၍ လူထုအား ပိုမိုကြောက်ရွံ့စေခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီး လအနည်းငယ်အတွင်းမှာပင် အရပ်သားဒေသများသို့ စစ်တပ်များပိုမို တိုးချဲ့ချထားသည်ဟု ND-Burma အဖွဲ့ဝင်များ၏ အစီရင်ခံစာများအရ သိရသည်[၆၂]။ စစ်အာ ဏာသိမ်းပြီးချိန်မှစ၍ အရပ်သားဒေသများသို့ စစ်အင်အား တိုးချဲ့ခဲ့သည်[၆၃]။ အခြေအနေမှာ လူ့အခွင့်အရေးချိုးဖောက်မှုများ အသောမသတ် များပြားသည့် ဒေသများရှိ အရပ်သားပြည်သူများ နေ့စဉ် အသက်ရှင် ရပ်တည်ရေးအတွက် လိုအပ်ချက်များ သိသိသာသာ များပြားလာခြင်းဖြစ်သည်။ စစ်အာဏာရှင်တို့၏ တပ်များမှာ ဥပဒေစိုးမိုးရေး အပြင်ဘက်တွင် ကြမ်းတမ်း ရမ်းကားစွာ ပြုမူဆက်ဆံကြသည်။ ဥပဒေမဲ့ လုပ်ရပ် များကျူးလွန်ကြပြီး ပြည်သူလူထုကို ကာကွယ် စောင့်ရှောက်ရမည့်အစား ၎င်းတို့ အကျိုးစီးပွားနှင့် ၎င်းတို့ကိုယ်ကိုယ်သာ ကာကွယ်နေကြသည်။

မြို့ပြနှင့် ကျေးလက်ဒေသများရှိ ဆေးရုံများတွင် လူနာများဖြင့် ပြည့်လျှံနေချိန်တွင် စစ်မက်ဖြစ်ပွား ရာဒေသရှိ ပြည်သူများမှာ တခြားဝန်ထုတ် ဝန်ပိုးအဖြစ်၎င်းတို့ဘဝ အသက်ရှင်သန်ရေးအတွက် ကြောက်ရွံ့စိုးထိတ်မှုများဖြင့် ဖြတ်သန်းနေရသည်။

ခန့်မှန်းခြေ ပြည်သူ ၃ သန်းမှာ လူသားချင်းစာနာသည့် အကူအညီများ အရေးပေါ်လိုအပ်နေသည်[၆၄]။ အာဏာသိမ်းပြီးချိန်မှစ၍ စစ်ရှောင်ပြည်သူများ တိုးပွားလာပြီး ၉၀ ရာခိုင်နှုန်းသော ပြည်သူများမှာ ကိုဗစ် - ၁၉ ရောဂါ၏ ဆိုးကျိုး သက်ရောက်မှုကို ခံစားကြရ

၅၈။ "As COVID-19 surges, prices of medical goods follow suit," Frontier Myanmar, 16 July 2021
၅၉။ "Soldiers Open Fire, Disperse Crowds Refilling Oxygen Tanks in Yangon," Coconuts Yangon, 13 July 2021
၆၀။ See ND-Burma report, "Rights in Reverse," August 2020
၆၁။ COVID-19: UN chief calls for global ceasefire to focus on 'the true fight of our lives' UN News, 23 March 2020
၆၂။ See ND-Burma report, "Rights in Reverse," August 2020
၆၃။ "Fighting Seen Intensifying in Myanmar as Junta Deploys Troops to Ethnic Controlled Territories," Radio Free Asia, 25 August 2021
၆၄။ See Myanmar – Humanitarian Snapshot (August 2021), UNOCHA, 17 August 2021

သည်[၆၅]။ ယာယီစစ်ရှောင်စခန်းများ သို့မဟုတ် တောထဲရှိ ယာယီ ခိုလှုံရာနေရာများတွင် ကျန်းမာရေး ကုသစောင့်ရှောက်ပေးမှုများလည်း မရှိပေ။ ရလဒ်အနေဖြင့် ကလေးနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အထိခိုက်လွယ်ဆုံးသူများ အနေဖြင့် ကျန်းမာရေး စောင့်ရှောက်ခံပိုင်ခွင့်ကို အဆိုးရွားဆုံး လက်လွတ်ဆုံးရှုံးကြရသည်။ လူသား ချင်းစာနာသည့် အကူအညီများ အထူးလိုအပ်နေသည့် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသူများ အတား ဆီးမရှိ ရယူနိုင်ရန် အရပ်ဖက် အဖွဲ့အစည်းများက တိုက် တွန်းစည်းရုံးကြသည်[၆၆]။ ထိုသို့ တောင်းဆိုနေကြသော်လည်း အရေးတယူလုပ် နားထောင် လိုက်နာခြင်းမ ရှိသည့်အတွက် လူထုအခြေပြု အဖွဲ့ အစည်းများနှင့် တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်သူများက အန္တရာယ်များကြားမှ တခြား နည်းလမ်းများ ရှာဖွေ၍ ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ဝေငှပေးကြရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှု တိုးမြင့်လာသည်နှင့်အမျှ စစ်ရှောင်များအတွက် ဆေးပစ္စည်းနှင့် ကရိယာများ ပို၍ လိုအပ် လာသည်။

စစ်အာဏာရှင်တို့သည် ကိုဗစ်-၁၉ ကပ်ရောဂါအား လက်နက်သဖွယ် အသုံးချနေသည်။ ကျန်းမာရေး ကုသမှုနှင့် ကာကွယ်ဆေးများ သေရေးရှင်ရေး တမျှ လိုအပ်နေသည့် ပြည်သူတို့၏ လိုအပ်ချက်ကိုဖြည့်စည်းရမည့်အစား အကြင်နာတရားခေါင်းပါးပြီး တိုင်းပြည်အား အုပ်ချုပ်နိုင်ရန် လိုအပ်သည့် စိတ်ဆန္ဒကောင်းများ ကင်းမဲ့နေသည်ကို စစ်အာဏာရှင်များက ပြသနေသည်။ ကျန်းမာရေးသည် လူ့အခွင့်အရေးဖြစ်သည်။ ကုသစောင့်ရှောက်မှုပေးရန် လိုအပ်သူများကို သေခြာစွာ ကုသပေးခြင်းသည် အခြေခံလူ့အခွင့်အရေးဖြစ်ပြီး နိုင်ငံတော်၏ တာဝန်ဖြစ်သည်။

၆၅။ “Myanmar: Responding to humanitarian needs in Northern Shan,” Danish Refugee Council
၆၆။ “Stop the Weaponization of Humanitarian Aid by the Myanmar Military Junta,” 488 Civil Society Organizations, 20 June 2021


ဓါတ်ပုံ- CHRO

# နိဂုံး

မြန်မာပြည်တွင် အရပ်သားပြည်သူများ အနေဖြင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြစ်မှုများကို နေ့စဉ် ရင်ဆိုင်ကြုံတွေ့ ခံစားနေရသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံနှင့်အဝှန်း ခုခံမှုများကြောင့် စစ်အာဏာရှင် တို့အား အကြပ်ရိုက်စေသည်။ မြန်မာပြည် ဒီမိုကရေစီပြန်လည်ထွန်းကားရေး လှုပ်ရှားရုန်းကန်မှု စွမ်းအားကြောင့် နိုင်ငံတကာမှ စစ်အာဏာရှင်တို့အပေါ် ဖိအားများပေးလျှက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ပတ်သက်သည့် မည်သည့် မူဝါဒ သို့မဟုတ် ကြားဝင်ဆောင်ရွက်မှုမဆို ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား ရမည်ဖြစ်သည်။ မည်သည့်နည်းနှင့်မဆို ကြားဝင်ဆောင်ရွက်ရာတွင် အပြည့်အဝ ပွင့်လင်းမြင်သာမှုရှိရန်နှင့် လူထုအနေဖြင့် ၎င်းတို့လို အပ်ချက်များနှင့်ကိုက်ညီသည့် အရင်းအမြစ်များကို လက်လှမ်းမီ ရယူနိုင်ရန် သေခြာစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါလမ်းကြောင်းများကို မိမိတို့ ရပ်ရွာအသိုင်းအဝိုင်း၏ လိုအပ်ချက်များကို ဆယ်စုနှစ်နှင့်ချီ၍ ထိန်းကျောင်း စီမံခန့်ခွဲခဲ့သည့် တိုင်းပြည်တွင်းရှိ ဒေသခံအဖွဲ့အစည်းများမှတဆင့် ဆောင်ရွက်ရန်လိုသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် တရားမဝင် စစ်အာဏာရှင်တို့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့အား တရားဝင်မှု ပေးလိုက်သကဲ့သို့ ဖြစ်ခြင်းထက် NUGနှင့်ပူးပေါင်း ဆောင်ရွက်၍ အသိ အမှတ်ပြုပေးရမည်ဖြစ်သည်။

စစ်အာဏာရှင်တို့ကြောင့် ပေါက်ကွဲထွက်ပေါ်လာသည့် စစ်ပွဲယန္တရားသည် အတိုင်းအဆမရှိ၊ အကန့်အသတ်မရှိပေ။ စစ်အာဏာရှင်တို့က ဒီမိုကရေစီကို မလေးစားစော်ကားမှုပြုရာတွင် အရပ်သားများ ပေးဆပ်လိုက်ရသည့် တန်ဖိုးမှာ တရားမျှတခြင်းမရှိပေ။ ၂၀၀၂ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများနှင့် စပ်လျဉ်းသည့် နိုင်ငံတကာရာဇဝတ်ခုံ ရုံး၏ တရားစီရင်ပိုင်ခွင့်အား သဘောတူလက်ခံကြောင်း အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) မှ ဩ ဂုတ်လ ၂၀ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်[၆၇]။ တိုင်းရင်းသားများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု တစတစ ကျူးလွန်ခဲ့မှုများအတွက် နိုင်ငံတကာမှ အရေးယူဆောင်ရွက်ရန် လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်း အနည်းငယ်ခန့်ကလည်း မြန်မာအရပ်ဖက်အဖွဲ့အစည်းများမှ တိုက်တွန်း တောင်းဆိုခဲ့သည်။ စစ်အာဏာရှင်တို့သည် ၎င်းတို့အာဏာနှင့် လုပ်ပိုင်ခွင့်အား ပြည်သူတို့အား အကာအကွယ်ပေးရမည့် အစားညှဉ်းပန်းနှိပ်စက်မှုနှင့် နေသားကျနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု သို့မဟုတ် စစ်တပ်အား တာဝန်ယူ တာဝန်ခံခိုင်းမည့် ယုံကြည်အားထားရသော အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှု ယန္တယားလည်း မရှိသည့်အတွက် ခွဲခြားဖိ နှိပ်မှုများနှင့် အရပ်သားများအပေါ် တိုက်ခိုက်ချိုးဖောက်

၆၇။ See National Unity Government of Myanmar, 20 August 2021

မှုများမှာ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေဦးမည်ဖြစ်သည်။ အရပ်သားများ၏ ဘဝလုံခြုံရေးကို ထိပါးစော်ကား ချိုးဖောက်မှုများ အတွက် ထိုက်သင့်သည့် အကျိုးဆက်များ တာဝန်ခံမှုများ ရှိရမည်ဖြစ်သည်။ စစ်အာဏာရှင်တို့က ရည်ရွယ်ချက်ရှိရှိဖြင့် ဒီမိုကရေစီလမ်းကြောင်းမှ လွဲချော်စေရန် လုပ်ဆောင်ခြင်းဖြင့် ထောင်နှင့်ချီ သည့် လူ့အသက်များ ပေးဆပ်ခဲ့ရပြီး နိုင်ငံတကာအသိုင်းအဝိုင်းသို့လည်း အရေးယူမှုပြုရန် တိုက် တွန်းတောင်းဆိုမှုများ မြင့်မားလာခဲ့သည်။

# အကြံပြုချက်

## နိုင်ငံတကာအသိုင်းအဝိုင်းသို့

၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် မြန်မာနိုင်ငံ၏ တရားဝင် အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်း ဖြစ်သည် နှင့်အညီ အသိအမှတ်ပြုရန်၊ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတွင်းရှိ ပြည်သူတို့၏ လိုအပ်ချက်အတွက် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် လူ့အခွင့်အရေးကာ ကွယ်စောင့်ရှောက်သူများနှင့် လက်တွဲဆောင်ရွက်၍ မြေပြင်အခြေအနေ တွင် အရေးပေါ် လိုအပ်သူများအား ယုံကြည်စိတ်ချရသည့် နည်းလမ်းများမှတဆင့် တုန့်ပြန်ဆောင် ရွက်ရန်။

၂။ နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ လွှတ်ပေးရေးအတွက် စစ်အာဏာရှင်များအား ဖိအားပေး ရန်။

၃။ မြန်မာနိုင်ငံတဝှန်း နေရပ်စွန့်ခွာထွက်ပြေးလာသူများအတွက် အကူအညီနှင့် လိုအပ်သောပစ္စည်းများ နှစ် ပေါင်းများစွာ ထောက်ပံ့ကူညီနေသည့် ဒေသခံ အရပ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ် ဆောင်၍ ယခု ကာလအတွင်း တောင်းခံလာသည့် အကူအညီများအား ပေးအပ်သွားရန်။

၄။ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သည့် ပြစ်မှုအတွက် တာဝန်ရှိသည့် စစ်အာဏာရှင်တို့အား တာဝန်ယူ တာဝန်ခံစေရန်အတွက် မြေပြင်တွင် သက်သေများ လက်တွေ့ မှတ်တမ်းတင် စုဆောင်းနေသည့် လူ့အခွင့် အရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ တိုးတက်လာစေရေးအတွက် အကူအညီ ပေးရန်။

၅။ ကိုဗစ်-၁၉ ကပ်ရောဂါဘေးအတွင်း မြန်မာပြည်သူများ အရေးပေါ် လိုအပ်နေသည့် တကိုယ်ရေသုံး အကာ အကွယ်ပစ္စည်းများနှင့် ကာကွယ်ဆေးများ ထောက်ပံ့ကူညီရန်။

## ASEAN အပါအဝင် ဒေသတွင်းရှိ ခေါင်းဆောင်များသို့

၁။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် လက်တွဲလုပ်ဆောင်၍ NUG အား မြန်မာပြည်သူများ အတွက် အလုပ်အကျွေးပြုနေသည့် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုရန်။ စစ်အာဏာရှင်တို့အား ၎င်းတို့ တရားမဝင် မတရားရယူထားသည့် အာဏာကို စွန့်လွှတ်စေရေးအတွက် တိုက်တွန်းဆော် ရွက်ရန်။

၂။ မြန်မာစစ်အာဏာရှင်တို့မှ ပြည်သူတို့ ကြောက်ရွံ့စေရန်နှင့် ပျက်စီးဆုံးရှုံးစေရန် အကြမ်းဖက်မှု ပြုကျင့်နေမှုများကို ဆန့်ကျင် ပယ်ချရန်။

၃။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအား တရားမဝင် ဖမ်းဆီး ထိန်းသိမ်းမှုများအား ရှုံ့ချပြီး ဖမ်းဆီးထားသူများအား အမြန်ဆုံးပြန်လွှတ်ပေးရေးအတွက် တောင်းဆိုရန်။

## ကုလသမဂ္ဂသို့

၁။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ ပြည်သူများ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်သေဆုံးရမှုကို တင်ပြဆွေးနွေးရန်၊ တကိုယ်ရေ အကာအကွယ်သုံး ပစ္စည်းနှင့် ကာကွယ်ဆေးများ ရရှိရေး တုန့်ပြန်ဆောင်ရွက်ရန်အတွက် တိုက်တွန်း တောင်းဆိုရန်၊ NUG နှင့် တိုင်း ရင်းသားကျန်းမာရေးဝန်ထမ်းများ ဖွဲ့စည်းထားသည့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအဖွဲ့သည် အထောက် အကူပြုပစ္စည်းများကို ဝေငှဖြန့်ဖြူးနိုင်သည့် ယုံကြည် ကိုးစားရသော ကွန်ရက်ဖြစ်သည့်အားလျော်စွာ ၎င်း တို့အား ကူညီထောက်ပံ့ရန်။

၂။ အရေးပေါ် စောင့်ကြည့်ရန် လိုအပ်နေသည့် မြေပြင်ပေါ်ရှိ လူ့အခွင့်အရေးချိုးဖောက်နေမှုများ အား အကဲဖြတ် မည့် အဖွဲ့အား ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ စေလွှတ်ရန်။

၃။ မြန်မာစစ်တပ်၏ အကြမ်းဖက် လုပ်ရပ်များအပေါ် ရှုံ့ချပြီး အာဏာသိမ်းမှုအပေါ် ဦးဆောင်သူများ အနေဖြင့် တာဝန်ယူ တာဝန်ခံရန်နှင့် အပြစ်ကျူးလွန်သော်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှု ရပ်ဆိုင်းစေရန်အတွက် စစ်အာဏာရှင်တို့အား ဖိအားပေး၍ ကုလသမဂ္ဂ၏ ကျင့် ဝတ်များကို ထိန်းသိမ်းမြှင့်တင် ရန်။




## အာဏာသိမ်းစစ်အုပ်စုက မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းအား ဟန့်တားနှောင့်ယှက်မှုများ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://www.nd-burma.org

https://facebook.com/theNDBurma

https://twitter.com/NDBurma/